# God can- He Will Do It Again

# ဘုရားသခင်တတ်နိုင်တယ်- သူထပ်လုပ်ပါလိမ့်မယ်

*ဖေဖော်ဝါရီ ၂၃၊ ၂၀၂၃။*

*Robin J Johnson နှင့် Janette Johnson*

အမှောင်ထုဆုံးအချိန်မှာပင် သူ့ရဲ့အလင်းရောင်ဟာလင်းနေဆဲပင်ဖြစ်သည်။ ထိုထက်မကအာရုံစိုက်ရမည့်အခြေနေမျိုး ကြုံလာခဲ့မည်ဆိုပါကလည်း သူ၏အလင်းရောင် ပျောက်ကွယ်မသွားပဲဆက်တိုက်လင်းနေအုံးမည်ဖြစ်မည်။

ပြီးခဲ့သည့်နှစ် ဩဂုတ်လကတည်းက အမှောင်ရက်များကိုဖြတ်သန်းခဲ့ရသည်။ ကျွန်ုပ်မိသားစုအနေဖြင့် တုန်လှုပ် ချောက်ချားဖွယ်ရာအဖြစ်ဆိုးများနှင့်ကြုံတွေ့ခဲ့ရပြီး ရေးဆွဲထားသောအစီစဉ်များ ကိုရပ်တန့်ခြင်း၊ ခရီးစဉ်များ ဖျက်လိုက်ရခြင်းစသည့် မျှော်လင့်မ ထားသည့်အဖြစ်ဆိုးများနှင့်ကြုံခဲ့ရပြီး ဘဝတစ်ခုလုံးအတွင်း၊ အပြင်အားလုံးစောက်ထိုးပြောင်းပြန်ဖြစ်ခဲ့သည်။ ဆုတောင်းထားသည့်အချက်များပင် အဖြေမရခဲ့သော်လည်း သူသည် အမှန်တကယ် သစ္စာရှိ ကြောင်းယုံကြည်သည်။ သူသည်ပြောင်းလဲခြင်းမရှိ၊ ထာဝရကာလတည်မြဲပြီး သေချာ သောချစ်ခြင်း ဖြင့်ချစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်သူ၏စ္စာရှိခြင်းအပေါ် ရွေးချယ်ယုံကြည်ရန် ရွေးချယ်ခဲ့ ကြသည်။

"အရာရာတိုင်းမှာ ယေရှုကိုကိုးစားရန်၊ ဘုရားသခင်ကိုအားကိုးရန်၊ အရာရာတိုင်းမှာ သူ၏နှုတ်ကပါတ်တော်ကို အားကိုးယုံကြည်ရန် သင်ယူခဲ့သည်" ***Andre Crouch***

နှစ်သစ်အစပြုလာကတည်းက စပြီးချစ်ရသောသူများကိုဆုံးရှုံးခဲ့ရခြင်းကြောင့် နှလုံးသားများလွန်စွာနာကျင်ရခြင်းမှလွဲ၍ ကျွန်ုပ်တို့ရက်များသည် မကောင်းသောအရာများထက် ကောင်းသောအရာများဖြင့်သာဖြတ်သန်းခဲ့ရ သည်။ သို့သော် ကျွန်ုပ်တို့ကိုသူတို့ရွေးချယ်စေလိုမည့်လမ်းအတိုင်း ဆက်လျှောက်ရန်ကျွန်ုပ်တို့ရွေးချယ်ခဲ့ကြ သည်။

*ထိုကြောင့်၊ ဤမျှလောက် များစွာသော သက်သေအပေါင်းတို့သည် ငါတို့ကို ဝိုင်းရံလျက်ရှိကြသည်ဖြစ်၍၊ ငါတို့သည် ခပ်သိမ်းသော ဝန်တို့ကိုငှင်း၊ နှောင့်ရှက်တတ်သောဒုစရိုက်ကိုငှင်း ပယ်ရှား၍၊ ငါတို့ မျက်မှောက်၌ ထားသောပန်းတိုးတိုင်သို့ရောက်ခြင်းငှါ၊ အားမလျော့ဘဲ ပြေးကြကုန်အံ့။ ဟေဗြဲ ၁၂း၁*

၂၀၂၂ခု၊ အောက်တိုဘာလတွင် အသက်ဝိညာဉ်ကင်းမဲ့နေသည့် သမီးကြီး၏ ရုပ်ကလပ်ဘေးနားရပ်လျက်ခေါင်းငိုက်ဆိုက်ကြည့်ကာ၊ သူမသည်သခင်ဘုရားနှင့်အတူရှိနေကြောင်း အမှန်တကယ်ယုံကြည်စိတ်ချကာ ကျနော်နောက်မဆုတ်ဘူး၊ ရန်သူကမနိုင်ဘူး၊ မရပ်တန့်ဘူး ဟုကတိပေးခဲ့သည်။ ဤတိုက်ပွဲတွင်ကျနုပ်ကျဆုံးနေစေကာမူ ရန်သူသည်ကျနုပ်အပေါ်အနိုင်ရမည်မဟုတ်သလို၊ ပိတ်ဆို့ဆီးတားနိုင်မည်မဟုတ်ပေ။

*ငါနှင့် ငါ့[အိမ်](#)သားဖြစ် လျှင် ထာဝရ[ဘုရား](#)ကိုသာ ဝတ်ပြုမည် (ယောရှုမှတ်စာ ၂၄း၁၅ခ)*

## ရပ်တန့်ခြင်းမရှိ

ဤထုတ်ဝေမှုကိုပြင်ဆင်ခြင်းနှင့်အတူ အရင်ကအကြိမ်များစွာလည်းပါတ်ခဲ့သည့် အရှေ့တောင်အာရှတွင် ယခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ရောက်ရှိခဲ့သည်။ ခရစ်တော်နှင့် သူ၏အသင်းတော်များအပေါ်ထားရှိခဲ့သည့် ကျနုပ်တို့၏ဆက်ကပ်မှုများ ပျောက်ခဲ့ခြင်းမရှိပေ။ ကျနုပ်တို့ အချိန်မည်မျှကျန်နေသေးသည်ကို သခင်ဘုရားသာလျှင်သိတော်မူသည်။ယခုနောက်ဆုံးသောကာလ၏ နောက်ဆုံးသောအချိန်တွင် ကျနုပ်တို့အသက်တာများတွင် သာသနာတော်ကို ဦးစားပေးအသက်ရှင်ရမည်ဖြစ်သည်။ သခင်ခရစ်တော်တဖန်ပြန်လည်ကြွလာမည်ဖြစ်ပြီး များပြားလာသည့်နိမိတ်လက္ခဏာများအရ သူမကြာမီပြန်လည်ကြွလာမည်ဟု ကျနုပ်အကြံပြုလိုပါသည်။

## အထဲတွင်ရှိသည့်နှိုးဆော်မှုတစ်ခု

မကြာသေးမီက Janette နှင့်ကျနုပ်သည်အသင်းတော်များနှင့် ကျနုပ်တို့အသက်တာများတွင်လတ်ဆတ်သောသန့်ရှင်း သောဝိညာဉ်တော်လေတိုက်ခတ်သည်ကိုမြင်တွေ့လိုကြောင်း ပြောဆိုခဲ့ကြသည်။ ယခုအချိန်သည်နောက်ထပ် “ယေရှု၏ထင်ရှားပေါ်ထွန်းခြင်းကာလ- ယေရှုတစ်လမ်းတည်းသာ” ရှိကြောင်းပြန်လည်နိုးကြားလာရန်လိုအပ်သည်။

ဟိုတပါတ်က ကျနုပ်သားဖြစ်သူမှ အရင်တခါမျှမကြည့်ခဲ့ဖူးသည့် “Woodlawn” ရုပ်ရှင်ကားလိင့်ခ်ကိုပို့ပေးခဲ့သည်။ ၎င်းသည် ၁၉၇၀ခုနှစ်များကဖြစ်ရပ်မှန်ကို အခြေခံကာရိုက်ကူးထားသည့် US College ဘောလုံးအသင်းများကြားပြန်လည်နိုးထလာမှုအကြောင်း ဖြစ်သည်။ ထို “Woodlawn” ရုပ်ရှင်သည်

"ယေရှု၏ထင်ရှားခြင်းကာလ"ကို ပြန်လည်သတိရစေပြီး ကျနုပ်တို့အတွင်းပိုင်းတွင် တစ်စုံတရာရှင်သန်လာခဲ့သည်။

ကျနုပ်ဘဝတွင် ဝတ္ထုဇာတ်လမ်းဆန်ဆန် ကယ်တင်ခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်ဗတ္တိဇံသွန်းလောင်းခြင်း ခံစားခဲ့ရသည့် ၁၉၇၀ခုနှစ်ကို ပြန်လည်သတိရစေသည်။ ရာ၊ထောင်နှင့်ချီသော လူငယ် အပျို၊လူပျိုများ အသက်တာပြောင်းလဲပြီး သခင်ယေရှုထံ ဆက်ကပ်အပ်နှံကြသည်ကိုတွေ့မြင်ခဲ့ရသည်။ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝပြီး ကျနုပ်တို့ပြုသည့်နည်းတူ ခရစ်တော်အတွက်မျိုးဆက်သစ်တစ်ခု ဖြစ်လာရန် ထွက်ခွာလုပ်ဆောင်ကြသည်။

"ထိုမျိုးဆက်သစ်အခုဘယ်မှာလဲ" ဟုကျနုပ်တို့မေးကြသည်။ သူတို့လှုပ်ရှားမှုများသည် ကနဦးလူ ၇၀ ကဲ့သို့အဘယ်နေရာများတွင် သက်ရောက်မှုရှိသနည်း။ ကျနုပ်သိလာသည်မှာ ကမ္ဘာတစ်ဝှမ်းလုံး၌ ခရစ်တော်၏အမှုတော်ထဲ ယနေ့ထက်တိုင် အရေးပါသည့်ခေါင်းဆောင်မှုအခန်းကဏ္ဍ များတွင် ယောကျ်ား၊ မိန်းမများစွာရှိနေကြသည်။ ကျနုပ်တို့သည် မည်သည့်နေရာမှ၊မည်မျှလာမှန်းမသိသော်လည်း ယနေ့ထိတိုင်ရှိနေကြပြီး လူသားတိုင်းကို လွှမ်းမိုးနေကြသည်။

ကျနုပ်တို့၏အမြဲတမ်းဆန္ဒမှာ နောက်မျိုးဆက်သစ် မွေးထုတ်ရန်ဖြစ်သည်။ ကျနုပ်တို့တွင် ဝိညာဉ်သား၊ သမီးများနိုင်ငံ အသီးသီးတွင်ရှိကြပြီး တချို့ကမူ "ဘိုးဘိုး၊ဘွားဘွား" ဟုပင်ခေါ်ကြသည်။ မျိုးဆက်သစ်တွေကိုမွေးထုတ်ပြီး အသင့်ပြင်ကာစေလွှတ်ခြင်းသည် မည်မျှပင် ဂုဏ်ယူစရာကောင်းသနည်း။ ဤအရာသည်အမှန်တကယ် ဘုရားသခင်ကို ကျေနပ်စေသည့် အရာများထဲကတစ်ခုဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ဘုရားသခင်သည် သမိုင်းတွင်အခိုက်တန့်တစ်ခု ဖြစ်ပေါ်လာစေရန်နှင့် သူ၏ဘုန်းအသရေတော်နှင့်ကျေးဇူးတော်လှိုင်းသစ်များ ထွန်းတောက်လာစေရန် အလုပ်လုပ်ပြီး ယေရှုကိုချစ်သောသူများတစ်ယောက်နှစ်ယောက်မျှမဟုတ်ပဲ မျိုးဆက်လိုက်ပေါ်ထွန်းလာစေသည်။

**ဘုရားသခင်ထိုအရာကိုတဖန်ထပ်လုပ်နေတယ်**

ရုတ်တရက်ဆိုသလို သန့်ရှင်းသောဝိညာဉ်တော်သည် Asbury University, Wilmore, Kentucky (တက္ကသိုလ်) ၌ နံနက် ၁၀ နာရီတွင် ကျောင်းသား ၃၀ ခန့်တို့နှင့် ပြုလုပ်သည့်ဝတ်ပြုအစည်းဝေးအတွင်း ဆင်းသက်အလုပ်လုပ်သည့် သတင်းများထွက်ပေါ်လာသည်။ ၄င်းသည် ဖေဖော်ဝါရီလ (၈) ရက်နေ့ကစတင်ခဲ့ပြီး နေ့ရောညပါဝိညာဉ်တော်သွန်းလောင်းမှုများအားဖြင့်နိုးထမှုကြီးဖြစ်ပေါ်နေသဖြင့် ထိုဝိညာဉ်

တော်၏တို့ထိခြင်းခံကြရန် ထောင်ပေါင်းများစွာသောလူအုပ်တို့သည် Wilmore သို့စုရုံးလာကြသည်။သတင်းများအရ ကယ်တင်ခြင်းခံစားရရှိသောသူများ၊ အနာရောဂါငြိမ်းသောသူများစွာနှင့် နတ်ဆိုး၏နှိပ်စက်ညှဉ်းဆဲခြင်းမှလွတ်မြောက်သောသူများစွာရှိကြောင်းသိရသည်။ အခြားသောနေရာများတွင်လည်း အလားတူ ဖြစ်ပျက်မှုများရှိကြောင်းသိရသည်။ ထိုသတင်းများပျံ့နှံ့ခြင်းအားဖြင့် လူများစွာတို့သည် မိမိတို့ ရှိရာဒေသများတွင် ဘုရားသခင်ရွှေ့လျားအလုပ်လုပ်ရန် လွန်စွာပင် ဆာငတ်မှုများ ဖြစ်ပေါ်စေသည်။ ဤအမှုအရာသည်မည်မျှကြာမည်၊ မည်မျှပျံ့နှံ့မည်ကိုမမြင်နိုင်ကြပေ။ ကျွန်ုပ်တို့မျှော်လင့်ချက်မှာ ထိုကဲ့သို့ဆက်လက်ဖြစ်ပေါ်နေပြီး ကမ္ဘာတဝှမ်းလုံး၌နိုးထမှုများ ဆက်လက်တိုးပွါးလာရန်ဖြစ်သည်။

နောက်ဆုံးရရှိသော သတင်းများအရ ထိုဖြစ်ပျက်မှုကြီးသည် လူဦးရေ ၆၀၀၀ သာရှိ သည့်Wilmore မြို့ကိုအနှောက်ယှက်ဖြစ်စေသောကြောင့် ထိုတက္ကသိုလ်တွင် နောက်တဖန်လူထုတွေ့ဆုံပွဲများ ရှိတော့မည်မဟုတ်ပေ။ ထိုအမှုအရာကို လူထောင်ပေါင်းများစွာက ဆက်လက်လိုက်လံကာဆာငတ်ကြသောကြောင့် ၄င်းလူစုဝေးပွဲများကို Kentucky အလယ်ပိုင်းသို့ ရွှေ့ပြောင်းထားသည်။ နိုးထမှုသည်ရှုပ်ထွေးပြီးမကြာခဏအဆင်မပြေမှုများရှိသည်။ သို့သော်ဘုရားသခင့်ဘုန်းတော်ဆင်းကြွပေးပါ။ ၄င်းကိုဖော်ပြရန်စကားလုံးပင် အလုံအလောက်မရှိပေ။ အားလုံးကိုနောက်တကြိမ်လက်မြောက်အရှုံးပေးရန်မည်သည့်အရာများလိုအပ်ပါသနည်း။

*"**သခင်ဘုရားသခင်သည် သူ၏အသင်းတော်ကို နှိမ့်ချခြင်းနှင့် ကျိုးပဲ့ကြေမွခြင်းထဲသို့ ပြန်လည်ခေါ်ဆောင်သည်။**၂၀၂၃ခု Asbury နိုးထမှုကြီးနှင့်ဆက်စပ်သော တရားဟောဆရာများ၏နာမည်များကျွန်ုပ်တို့မကြား ရသည်ကိုသတိပြုပါ။ ထို Asbury အစည်းစေးတက်ရောက်သူများသည် ၄င်းတို့၏ရိုးသားမှုကြောင့်နှစ်သက် သဘောကျနေကြသည်။ တရားဟောဆရာများသည် တရားဟောနေကြသည်၊ သို့သော် စစ်မှန်သောနိုးထမှုသည် လူအားဖြင့်မဟုတ်၊ ဆွဲဆောင်မှုရှိသော ကိုယ်ခန္ဓာလှုပ်ရှားစေသည့်တရားဟောချက်များကြောင့်မဟုတ်၊ အထူးပြုလုပ်စီမံထားသည့် မီးအလင်းရောင်များနှင့် မီးခိုးများကြောင့်မဟုတ်ပေ။ ဘုရားမျက်မှောက်တော်အမှန်တကယ်ဆင်းကြွသောအခါ ကျွန်ုပ်တို့လုပ်နိုင်သောအရာမှာ လက်မြှောက်ပြဝပ်ခြင်းသာဖြစ်သည်။ ယေရှုကိုအာရုံပြုထားပါက လူကိုချီးမြှောက်ရန်မလိုအပ်ပေ။ အခန်းထဲ သန့်ရှင်းသောဝိညာဉ်တော်ရောက်လာသောအခါ ဘိသိက်နှင့်ပါတ်သက်၍ လုပ်ကြံဖန်တီးထားရန်မလိုအပ်ပေ"။ (J. Lee Grady in his blog Fire in My Bones)*

တခါတရံ ကျွန်ုပ်တို့အားရကျေနပ်နေကြသည့် "မကျေနပ်သည့်ကျေနပ်မှု" ဟူသောအသုံးကို ကျွန်ုပ်တို့လျှော့ချသင့်သည်ဟု ကျွန်ုပ်ထင်မိသည်။ ကျွန်ုပ်တို့သည်အဘယ့်ကြောင့် လောကဖြစ်စဉ်ဖြစ်သည့် သာမန်ကိစ္စရပ်များ၌ အဘယ့်ကြောင့် ရောင့်ရဲတင်းတိမ်ကြသနည်း။ ကျွန်ုပ်တို့၏ အစည်းဝေးကောင်းမွန်ကြောင်းနှင့် "ဘုရားသခင်ထိုအိမ်၌အတူပါရှိကြောင်း" များပြောကာ မိမိကိုယ်ကို နောက်ပြောင်နေတတ်ကြသည်။ အများသောအားဖြင့် ကျွန်ုပ်တို့သည် အိမ်မှထွက်လာသည့်အတိုင်း မပြောင်းလဲပဲအိမ်ပြန်ကြသည်။တစုံတစ်ယောက်က ယေရှုကိုလက်ခံရန် အသနားခံလက်ထောင်သောအခါ ကျွန်ုပ်တို့ စိတ်လှုပ်ရှားကြသည်။ဟုတ်ပါတယ်၊ အမှန်တကယ် အပြစ်သားတစ်ဦးပြောင်းလဲလာခြင်းအပေါ် ကောင်းကင်တမန်များပင်လျှင်ဝမ်းမြောက်ကြသည့်အကြောင်းကို ယေရှုကိုယ်တိုင်ပြောခဲ့သော်လည်း တစ်ဦးတည်းအားဖြင့်စံချိန်စံညွှန်းပြည့်မှီသည်ဟု မဆိုလိုပေ။ ထိုသို့ဆိုရာတွင်ကျွန်ုပ်အပေါ် အထင်မမှားစေလိုပါ။ ယေရှုထံ မိမိအသက်တာဆက်ကပ်အပ်နှံသူများ အားလုံးအတွက်ပျော်ရွှင်မိပါသည်။ သို့သော်လူမြောက်များစွာကကစောင့်နေကြသည်၊အမှောင်ထုထဲထိုင်နေသူများစွာရှိကြသည်။ အပြစ်တရား၏ချည်နှောင်ခြင်း၊ ညှဉ်းပမ်းမှုအောက်တွင် မျှော်လင့်ချက်မဲ့နေသူများစွာရှိကြသည်။ယေရှုက လယ်ပြင်တွင်စပါးများမှည့်ဝန်းနေပြီး ရိပ်သိမ်းရန်အလုပ်သမားများစွာ လိုအပ်နေသည်ဟုဆိုရာတွင် ဤအရာကိုဆိုလိုခြင်းဖြစ်သည်။မြေပြင်တွင်အချိန်လွန်နေခြင်းမှတပါးမည်သည့်အရာမျှ မပြောင်းလဲသောကြောင့် လက်ရှိအချိန်သည်အကောင်းဆုံး အခိုက်တန့်ဖြစ်သည်။အမှန်တကယ် သန့်ရှင့်သောဝိညာဉ်တော်၏ တို့ထိခြင်းသာမကပဲ သန့်ရှင်းသော တန်းတော်သွန်းလောင်းခြင်းများ သာ၍လိုအပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဝိညာဉ်ရိပ်သိမ်းရန်အတွက်ဖြစ်သည်။

## အမှုပြုတော်မူပါဘုရားသခင်

နိုးထမှုဆိုသည်မှာ သပ်ရပ်သေသပ်သည်ဟူ၍ မည်သည့်အခါတွင်မျှ မရှိခဲ့ပေ။၎င်းသည် ကျွန်ုပ်တို့စိတ်ကူးယဉ်ထားသည့်အတိုင်းထုပ်ပိုးလာသည့်အရာ မဟုတ်ပေ။ အရင်ခေတ်ကဲ့သို့ ပိတ်ပင်တားဆီးမှုများရှိနိုင်ပါသည်။ တစ်ညလုံးနိုးထမှု ဖြစ်ပြီး ထိုညမှာပင်ပျောက်ကွယ်သွားသည်ကို ကျွန်ုပ်တွေ့ကြုံခဲ့ရသည်။ ထိုအချိန်တွေကို ပြန်လည်သတိရကာ မျက်လုံးထဲရှိ မျက်ရည်များအားဖြင့်ရေးချတတ်သည်။ကျွန်ုပ်တို့၏အပြစ်များကိုခွင့်လွှတ်ပြီး နိုးထထစေရန် ငိုကြွေးကာ အသနားခံတောင်းလျှောက်ကြပါစို့။ ကျွန်ုပ်တို့၏အတွင်းနှလုံးသားထဲမှ ကောင်းကင်တံခါးများကိုခေါက်ကာ ကျေးဇူးတော်နှင့်ဂရုဏာတော် ပလ္လင်ရှေ့တွင်အော်ဟစ်ပြီး ကျွန်ုပ်တို့ကိုတဖန် ပြန်လည်နိုးထစေရန် တောင်းလျှောက်အသနားခံကြပါစို့။

၍အချိန်တွင်နိုးထမှုသည် ဖြစ်ပုံချင်း၊ အသံပလံ စသည်ဖြင့် တူညီမှုရှိချင်မှလည်းရှိပေမည်။ အမှန်တကယ် သမိုင်းကလည်း တူညီနိုင်မည်မဟုတ်ကြောင်းပြောနေသည်။ ကျမ်းစာတလျှောက်မတူကွဲပြားမှုများကိုတွေ့မြင်ရမည်ဖြစ်ပြီး သေချာသည့်အရာတစ်ခုမှာ လူများသည် ယေရှုပေးသောချစ်ခြင်းမေတ္တာနှင့်တန်ခိုးများဖြင့်သာတူညီနေကြမည်ဖြစ်သည်။ အတိတ်တွင် ထိုကဲ့သို့သောအဖြစ်ပျက်များပေါ် အချို့သောသူများက ကြမ်းတမ်းစွာ စီရင်ကြပြီး အချို့ကမူ လက်ခံကြိုဆိုခဲ့ကြသည်။ အသစ်သောသွန်းလောင်းခြင်းဗီဒီယိုဖိုင်များကိုကြည့်သောအခါ လူများကယေရှုကို အဖန်ဖန်ချစ်ကြပြီး၊ အသက်တာများထူးခြားစွာပြောင်းလဲကြသည်ကို ကျနုပ်မြင်ရသည်မှာ ဘုရားသခင်၏ကျေးဇူးတော် ဖြစ်ကြောင်းသက်သေခံချက်တစ်ခုဖြစ်လာသည်။ ဒီချိန်မှာဘာတွေဖြစနေတယ်ဆိုတာကို ကျနော်ဂရုစိုက်မနေပဲတန်ခိုးနဲ့ပြောင်းလဲစေနိုင်တဲ့ယေရှုရဲ့ ချစ်ခြင်းမေတ္တာကိုသာ ပိုလိုချင်နေမိသည်။ Asbury တွင်ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်တွင်အချို့က လက်ခံယုံကြည်ကြပြီး အချို့ကမူသံသယစိတ်ဖြင့်ငြင်းပါယ်ခဲ့ကြသည်။အချို့ကနားလည်နိုင်ရန်ကြိုးစားကြပြီး အချို့ကမူ ၄င်းတို့တတ်မြောက်ထားသည့် ဓမ္မပညာအတွေ့အကြုံတို့ဖြင့်ချိန်ကိုက်နေခဲ့ကြသည်။မည်သို့ပင်ဖြစ်စေကာမူ ကျနုပ်တို့ သည်ဇဝေဇဝါဖြစ်ခြင်း၊ သတ်မှတ်ခြင်းမျိုးမလုပ်သင့်ဟု ကျနုပ်ယုံကြည်သည်။ ကျနုပ်တို့သည်ရိုးရှင်းစွာ ထိုမြစ်ရေထဲသို့ခုန်ချပြီး အနက်ဆုံးထိတိုင်ကူးခတ်ရမည်ဖြစ်သည်။

ထိုကဲ့သို့သောအရာသည် ကျနုပ်တို့အတွက် "ဘုရားသခင်ကျနော်တို့ကိုဂရုဏာတော်ထားပြီး အသစ်တဖန်ပြန်လည်နိုးထခွင့်ပေးပါ" ဟူ၍ ပြောဆိုရမည့်အခွင့်အရေးရရှိခြင်းသာဖြစ်သည်။

*အို ထာဝရဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်၏ ဗျာဒိတ်တော်သံကို ကြား၍ ကြောက်ရွံ့ပါပြီ။ အိုထာဝရ ဘုရား၊ ယခုနှစ်များအတွင်းတွင် အမှုတော်ကို ပြုပြင် တော်မူပါ။ ယခုနှစ်များအတွင်းတွင် ထင်ရှားစေတော်မူပါ။ အမျက်ထွက်တော်မူသော်လည်း ကရုဏာတရားကို အောက်မေ့တော်မူပါ။ (ဟဗက္ကုတ် ၃း၂)*

ဘုရားသခင် ကျနုပ်တို့ လန်းဆန်းသောတို့ထိခြင်းလိုအပ်ကြပါ၏။ ကျနုပ်တို့လုပ်ရိုးလုပ်စဥ်များနှင့်အတူတန်ဖိုးကြီးသော အချိန်များဘုရားအ လိုတော်နှင့်အညီဟုထင်မြင်ကာ ကိုယ်တော်နှင့်ဝေးရာသို့သွားကြသည်ဖြစ်၍ကျနုပ်တို့ကိုပြန်လည်နိုးထစေပါ။ ကျနုပ်တို့ကိုတဖန်ခွင့်လွှတ်တော်မူပြီး ယေရှုကိုတွေ့မြင်လာနိုင်စေရန် သန့်ရှင်းသော ဝိညာဥ်တော်ကို စေလွှတ်ပေးမူပါ။ ကိုယ်တော်၏ ဂရုဏာတော်အတွက်အ ကျနုပ်တို့ကို မစပါမည့်အကြောင့်ငိုကြွေးလျှက် တောင်းလျှောက်ပါ၏။

ကျွန်ုပ်တို့သည်လိမ်လည်လှည့်ဖြားမှု၊ ဖြားယောင်းသွေးဆောင်မှု၊ နိုင်ငံရေးပြုပြင်မှုနှင့် လှည့်စားမှုများအတွက်မျိုးဆက်တစ်ခုရှုံးဆုံးနေသည်။ ကျွန်ုပ်တို့၏လက်ရှိမျိုးဆက်သစ်လူငယ်များသည် ကျားမရေးရာရှုပ်ထွေးမှုများကြောင့် ဖျက်ဆီးခံနေရကြပြီး ပြောစရာပင်မလိုတော့သည်ထိ လူငယ်များ၏ကိုယ်ခန္ဓာ၊ စိတ်ဝိညာဉ်များ ပြိုကွဲသွားကာ သူတို့၏ဖြစ်တည်ခြင်းများပင် ပျောက်ဆုံးနေရသည်။ ဤအချိန်သည်နိုးထမှုဖြစ်ပေါ်မည့်အချိန်တခုဖြစ်ကြောင်းသိသာထင်ရှားစေသည့်အကြောင်းအရာတစ်ခုမှာ လူ့အဖွဲ့စည်းတစ်ခုလုံးကိုပြောင်းလဲစေသည့် ရိုက်ခတ်မှုများဖြစ်ပေါ်လာခြင်းသည်။

*"နိုးထမှုသည်ယဉ်ကျေးမှုထွန်းကားသောနိုင်ငံများနှင့် ပိုမိုကောင်းမွန်သည့်သမိုင်းကိုပုံဖော်ရာတွင် နိုင်းမရနိုင်သည့်အခန်းကဏ္ဍတွင် ပါဝင်ခဲ့သည်။ဤအချက်သည် လောကယဉ်ကျေးမှု၏ အမှောင်ထုတိုးတက်လာခြင်းနှင့်အတူ ကမ္ဘာတစ်ဝှမ်းရှိယုံကြည်သူများအတွက် နောက်ထပ်မဟာနိုးထမှုကြီးအတွက်ဘုရားသခင်ကိုရှာရန် လှုံ့ဆော်ပေးခဲ့သည်။ (Kurt Mahlburg- ဖေဖော်ဝါရီ ၁၅ရက်၊ ၂၀၂၃နေ့စဉ်ကြေငြာ စာတမ်း )*

## ဒါဆိုကျနော်တို့ဘယ်မှာစတင်မလဲ

*သင်တို့အဘို့အလို့ငှါ ခန့်ထားတော်မူနှင့်သော ယေရှုခရစ်ကို စေလွှတ်တော်မူမည်အကြောင်း၊ သင်တို့အပြစ်များကို ပြေစေခြင်းငှါ နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ ရောက်ကြလော့။(တမန် ၃း၂၀)*

၎င်းသည် နှလုံးသားထဲမှအပြည့်အဝ လက်မြှောက်အရှုံးပေးတတ်သော ကိုးကွယ်မှုမှလာသည်။ ကျနော်၏ဆုတောင်းချက်မှာ "ကျနော်မှအစပြုရမည်"ဟူ၍ဖြစ်သည်။ ခရစ်တော်၏အသင်းတော်နှင့်အတူကျနော်တို့အတူတကွ တောင်းလျှောက်ခြင်း၊ ပုံမှန်မျက်နှာတော်ကိုရှာဖွေခြင်း၊ တခါးကိုပုံမှန်ခေါက်ခြင်းတို့ဖြင့် သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်လာကြရန် ဆုတောင်းဆက်ကပ်တိုးဝင်ပါသည်။

တစ်ခုတည်းနည်းလမ်းယေရှု- ယေရှုနောက်ထပ်ထင်ရှားပေါ်ထွန်းမည့်အချိန်ဖြစ်သည်- သန့်ရှင်းသောဝိညာဉ်တော် ဆင်းကြွပေးပါ။